# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၁-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၈ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၂ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် နေ့တစ်ဝက်၊

(၃) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၄) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၂ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၂ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနွင်းစိုး ခွင့် ၂ ရက်၊

(၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်နှင့်

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**လယ်ဝေးမြို့နယ်အတွင်းရှိ သစ်ပုတ်ပင်-မင်းပြင်-ဒလန်ချွန်ကျေးရွာအုပ်စုချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ သစ်ပုတ်ပင်-မင်းပြင်-ဒလန်ချွန်စတဲ့ ကျေးရွာအုပ်စုချင်းဆက် မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့လယ်ဝေးမြို့နယ်ဟာဆိုရင် ကျေးရွာ ပေါင်း ၂၆၁ ရွာ၊ ရပ်ကွက်ကြီးခုနစ်ရပ်ကွက်နှင့် လူဦးရေ ၂၈၃၀၀၀ ကျော်ရှိတဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေရ တဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ သွားလာရေးခက်ခဲနေတဲ့ကျေးရွာများအနက်မှ ဦးစွာအနေဖြင့် သစ်ပုတ်ပင်ကျေးရွာ၊ လယ်မကျေးရွာ၊ မင်းပြင်ကျေးရွာ၊ အောင်မြေယာကျေးရွာနှင့် ဒလန်ချွန်စတဲ့ ကျေးရွားများသို့သွားတဲ့ ကျေးရွာချင်းဆက်မြေသားလမ်းဟာဆိုရင် ၁၇ မိုင် ၂ ဖာလုံ ရှည်လျားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရန်ပုံငွေဖြင့် ၁၅ မိုင် ၇ ဖာလုံ ရှည်တဲ့မြေသားလမ်းကို စတင်ဖောက်လုပ်ခဲ့ပါတယ်။ ကျန်ရှိနေတဲ့ ၁ မိုင် ၃ ဖာလုံ မြေသားလမ်းနှင့် Box Culvert တွေကိုတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်လုပ်ကိုင် သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ယခင်ကဆိုရင် သစ်ပုတ်ပင်ကျေးရွာ၊ မင်းပြင်ကျေးရွာ၊

ဒလန်ချွန်စတဲ့ကျေးရွာအုပ်စုများမှာ ပြည်သူတွေဟာ ရထားလမ်းတစ်ခုတည်းကိုသာ မှီခိုအားထားနေတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ကိစ္စရပ်များမှာ အစစအရာရာ နိမ့်ကျလျက် ရှိပါတယ်။ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီးတဲ့နောက်မှာတော့ ဒေသခံပြည်သူများ၊ ကျောင်းသူကျောင်းသားများ၊ ဒေသထွက်သီးနှံများ၊ ကျန်းမာရေးစတဲ့ကိစ္စရပ်များမှာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်စတဲ့ ယာဉ်များဖြင့် နေ့စဉ်သွားလာနေရတဲ့ ဒေသခံပြည်သူများ အားထားနေရတဲ့လမ်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောက်လုပ်ပြီးစီးသွားတဲ့ မြေသားလမ်းတွေဟာဆိုရင် တစ်နှစ်ဝန်းကျင်ခန့်မှာပင် မိုးရေတိုက်စားမှုတွေကြောင့် လမ်းများဟာ ပျက်စီးလို့နေကြပါတယ်။ မြေသားလမ်းတွေ ပျက်စီးနေတာကြောင့် ဒေသခံပြည်သူများ သွားလာ၍မရတော့ဘဲ ဒုက္ခများစွာ ကြုံတွေ့နေရပါသဖြင့် ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းခင်းပေးရန် လိုအပ်လို့နေပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ သစ်ပုတ်ပင်-မင်းပြင်-ဒလန်ချွန်စသည့် ကျေးရွာအုပ်စုချင်းဆက်မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ဝန်ကြီးကိုယ်စား ရောက်ရှိလာတဲ့ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းသည့်အတွက် အထူးပဲကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့တင်ပြချက်နှင့်ပတ်သက်ပြီးတော့

ရှင်းလင်းဖြေကြားရမယ်ဆိုရင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင်-မင်းပြင်-ဒလန်ချွန် ကျေးရွာချင်းဆက်လမ်းဟာ ၁၇ မိုင် ၂.၂ ဖာလုံရှိပြီးတော့ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေပေါင်း ၃၂၉၄၊ လူဦးရေ ၁၄၂၄၈ ဦးတို့အား အကျိုးပြုနေပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၈၁.၄၃၆ သန်းဖြင့် သစ်ပုတ်ပင်-လယ်မ-မင်းပြင်ကျေးရွာချင်းဆက် မြေသားလမ်း ၇ မိုင်၊ မင်းပြင်-အောင်မြေယာ-ဒလန်ချွန်ကျေးရွာချင်းဆက် မြေသားလမ်း ၈ မိုင် ၇.၂ ဖာလုံ၊ သစ်သားတံတားတစ်စင်း ၄၀ ပေ၊ Box Culvert သုံးစင်း၊ ၂ ပေ ရေပြွန်သုံးစင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျန် ၁ မိုင် ၃ ဖာလုံနှင့် Box Culvert ၁၆ စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း ၁၇ မိုင် ၂.၂ ဖာလုံအား ကျောက်ချောလမ်းခင်းပါက ကျပ်သန်းပေါင်း ၁၁၈၄.၀၂၈ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဘတ်ဂျက်လျာထား ဆောင်ရွက်ရာမှာ ပြည်နယ်/တိုင်းဒေသကြီးများအတွင်းရှိ လူဦးရေအချိုးအစားအရ လျာထားရတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာရှိ မြို့နယ်အားလုံးကိုလည်း ပါဝင်လျာထားပါတယ်။ ထို့အပြင် ကျေးရွာများရဲ့လိုအပ်ချက်ကို မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများကနေတစ်ဆင့် ထောက်ခံတင်ပြလာမှုတွေ အပေါ်မှာလည်း ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်ပြီးတော့ လျာထားပေးပါတယ်။ ပြည်ထောင်စုကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်တစ်ခုလုံးမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ လုပ်ဆောင်မယ့် လမ်းတံတားများနှင့်ပတ်သက်တဲ့ စုစုပေါင်းရန်ပုံငွေဟာ ကျပ် ၁၈၆၀.၃၂၇ သန်းဖြစ်ပါတယ်။ နောက်ပြီးတော့ လယ်ဝေးမြို့နယ်တစ်ခုတည်းအတွက်ကိုပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိကို လျာထားတဲ့စုစုပေါင်းရန်ပုံငွေက ၄၆၉.၆၈ သန်းပဲရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကျောက်ချောလမ်းအတွက်က စုစုပေါင်းကုန်ကျမှုက ကျောက်ချောလမ်းတစ်ခုတည်းအတွက်က ၁၁၈၄ သန်းဖြစ်နေတဲ့အတွက် မြို့နယ်အားလုံးအတွက် လျာထားချက်ထက်တောင် မြင့်မားနေတဲ့သဘောတရားရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းရမယ်ဆိုရင် သစ်ပုတ်ပင်-မင်းပြင်-ဒလန်ချွန်ကျေးရွာချင်းဆက်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ကျန်ရှိသည့် မြေသားလမ်း ၁ မိုင် ၃ ဖာလုံ နှင့် Box Culvert ၁၆ စင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသဖြင့် အဆိုပါ လူကြီးမင်းတောင်းဆိုတဲ့ လမ်း ၁၇ မိုင် ၂.၂ ဖာလုံအား ကျောက်ချောလမ်းခင်းပေးရန်

**မူကြမ်း**

လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရသေ့တောင်မြို့နယ်၌ ကိုယ်ထူကိုယ်ထ ပြုလုပ်တည်ဆောက်ထားခဲ့သော မေယုအားမာန်ကြိုးတံတားကို သံကူကွန်ကရစ်တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ၏မဲဆန္ဒနယ်မြေဖြစ်တဲ့ ရသေ့တောင်မြို့နယ်၏ အနောက်ဘက်ဒေသ မေယုကန်နယ်မြေအတွင်း နေထိုင်နေကြတဲ့ သရက်ချောင်းကျေးရွာအပါအဝင် ကျေးရွာပေါင်းကိုးရွာမှာ အိမ်ခြေ ၁၃၄၉ အိမ်ရှိပြီးတော့ လူဦးရေမှာ ၆၉၄၂ ဦးရှိပါတယ်။ ၎င်းကျေးရွာကိုးရွာရဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာ မေယုကန်(တောင်ပိုင်း)ဒေသရဲ့အရှေ့အနောက်ပိုင်းခြားထားတဲ့ ပျောချောင်းကြီးတစ်ချောင်းရှိပါတယ်ရှင်။ Power Point ဖြင့်ပြခွင့်ပြုပါ။ ဒီတံတားဟာ မေယုအားမာန်တံတားဖြစ်ပါတယ်။ ဒီအငူမော်-ဘူးသီးတောင်ကားလမ်းနံဘေးမှာရှိတဲ့ ဒါဟာအငူမော်နဲ့ ဘူးသီးတောင်ကားလမ်းမကြီးဖြစ်ပါတယ်။ အဲဒီ ပျောချောင်းကိုဖြတ်ပြီးတော့ မေယုအားမာန်ကြိုးတံတားတစ်ခုကို အလှူရှင်တစ်ဦးက မတည်ပြီး ကျေးရွာများက ကူညီပံ့ပိုးပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ တည်ဆောက်ခဲ့ပါတယ်။ အခုသွားလာနေတာက ဒီတံတားဟာ ခိုင်ခံ့မှုမရှိတဲ့အတွက် ကျွန်မတို့ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ တွန်းပြီးတော့သွားလာရပါတယ်။ ဒီမေယုအားမာန်ကြိုးတံတားရှိတဲ့အတွက် ၎င်းကျေးရွာမှာနေထိုင်ကြတဲ့ ရွာသူရွာသားများ၊ ကျောင်းသားလူငယ်များ၊ ဆရာဆရာမများဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ အထွေထွေလူမှုဆက်ဆံရေးများ အဆင်ပြေချောမွေ့စေခြင်းများကို အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ သို့ပါသော်လည်း မေယုအားမာန်ကြိုးတံတားတွင် အောက်ခံအဖြစ် အခုမြင်တဲ့အတိုင်းပါပဲ။ အောက်ခံအဖြစ်အသုံးပြုနေတဲ့ သံပြားချပ်တွေမှာ ရာသီဥတုဒဏ်ကြောင့်ရယ်၊ ခရီးသွားပြည်သူဦးရေသွားလာတဲ့ဒဏ်ရယ်၊ ဆားငန်ဓာတ်တွေရဲ့ အခိုးအငွေ့ဒဏ်တွေကြောင့် ဒီသတ္တုဓာတ်တွေဟာ အားလျော့စွာသံချေးတက်ပြီးတော့ ကြွတက်ဆွေးမြေ့လာတဲ့အတွက် ပျက်စီးယိုယွင်းမှုများကို တွေ့ရမှာပါ။ ကြိုးတံတားမှာလည်း တုန်ခါယိမ်းယိုင်မှုရှိတဲ့အတွက်ကြောင့် သက်ကြီးရွယ်အိုများသွားလာရန်

အခက်အခဲတွေရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှာ လေးနှစ်အရွယ်သားငယ် အောင်မျိုးထွန်းဟာ ဒီတံတားအခင်းမှာပြထားတဲ့ တိုင်လေးတွေထည့်ထားတဲ့ကြားကနေ ချောင်းထဲကို ကျဆင်းသွားတဲ့အခါ အောက်မှာငါးဖမ်းလှေနဲ့တွေ့တဲ့အတွက် အသက်ချမ်းသာရာ ရခဲ့ပါတယ်။ အဲဒီတံတားကို တစ်နှစ်တစ်ကြိမ် ပြုပြင်ပေးရတဲ့အခါမှာ သိန်းပေါင်း ၂၀ လိုအပ်ပါတယ်။ အဲဒီ သိန်း၂၀ သည် ကျွန်မတို့ဒေသက ကျေးရွာသူကျေးရွာသားများသည် ချို့တဲ့နွမ်းပါးကြပါတယ်။ ဒီကြိုးတံတားကို ပြင်ဖို့အတွက်လည်း အရမ်းပဲ အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ သရက်ချောင်း ကျေးရွာနဲ့ အခြားကျေးရွာများမှ ကျေးလက်နေပြည်သူများ သွားလာလွယ်ကူအဆင်ပြေစေရေးအတွက် ကိုယ်ထူကိုယ်ထပြုလုပ်ထားတဲ့ မေယုအားမာန်ကြိုးတံတားကို သံကူကွန်ကရစ်တံတား တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်အတွင်း ပြုလုပ်ပေးပါမည်နည်း ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်ခင်စောဝေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြရမယ်ဆို ရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် သရက်ချောင်း ကျေးရွာအနီးရှိ ပျောချောင်းကူးမေယုအားမာန်ကြိုးတံတားဟာ ပေအရှည် ၂၈၀ ပေရှိပြီးတော့ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၃၄၉၊ လူဦးရေ ၆၉၄၂ ဦးတို့အား အကျိုးပြုပါသည်။ မေယုအားမာန် ကြိုးတံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် လေးသန်းဖြင့် တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီးတော့ လက်ရှိမှာ ဒေသခံများ အသုံးပြုသွားလာလျက်ရှိပါတယ်။ အဆိုပါတံတားမှာရှိတဲ့ ပျောချောင်းသည် ဒီရေအကျဆုံးအချိန်မှာ အကျယ် ၂၅၀ ပေခန့်နှင့် ရေအနက် ၃၅ ပေခန့်ရှိပြီးတော့ ဒီရေအတက်ဆုံး

အချိန်မှာ ပေအကျယ် ၃၅၀ ပေခန့်နဲ့ ရေအနက် ၅၀ ပေခန့်ရှိတဲ့ ရေစီးသန်တဲ့ ချောင်းတစ်ချောင်း ဖြစ်ပါသဖြင့် လူကြီးမင်းတောင်းဆိုတဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ပါက အရှည် ၅၀၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၇၀ ပေခန့် အတိုင်းအတာရှိတဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဘတ်ဂျက်လျာထားဆောင်ရွက်မှာ ပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ လူဦးရေအချိုးအစားအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကိုလည်း ပါဝင်လျာထားရပါတယ်။ ဒီအပြင်မှာ ကျေးရွာများရဲ့ လိုအပ်ချက်များကို မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးကတစ်ဆင့် ထောက်ခံ တင်ပြလာသူများအပေါ်မှာ ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါတယ်။ လူကြီးမင်းတို့ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအားဖြင့် ၄၁၄၂.၈၉၂ သန်းဖြင့် ဆောင်ရွက်ပါတယ်။ ရသေ့တောင် မြို့နယ်အတွက်ဆိုရင်တော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေ ကျပ် ၅၀၅.၆၁ သန်းဖြင့်သာ ဆောင်ရွက်ပါတယ်။ လူကြီးမင်းမေးမြန်းလာတဲ့ သံကူကွန်ကရစ်တံတားကြီး တည်ဆောက်ပေးဖို့အတွက်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နိုင်သည့် သံကူကွန်ကရစ်တံတားပမာဏထက် ကျော်လွန်လို့နေပါသဖြင့် လမ်းတံတားဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးပါတယ်။ အရင်တုန်းက ကျွန်မတို့အစိုးရလက်ထက်ခေတ်မှာလည်း မြစ်ကိုမြင်နေရင် တံတားဆင်မယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်မတွေမှာရှိနေတဲ့မြစ်တွေမှာတော့ တံတားတွေအသီးသီး ထိုးပေးတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်မတို့လို မဖွံ့ဖြိုးမတိုးတက်သေးတဲ့ ဝေးလံခေါင်သီတဲ့ သွားရေးလာရေးအဆင်မပြေတဲ့ ပြည်နယ်တွေမှာကျတော့ ချောင်းလေးတစ်ချောင်းကိုတောင်မှ ကျွန်မတို့သည် ကိုယ်ထူကိုယ်ထ အလှူရှင်ရှိမှဆောက်ရတဲ့ဘဝ အခြေအနေပါ။ ခုနက ဝန်ကြီးဖြေဆိုသွားတာ ကိုလည်း ကျွန်မအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျွန်မတို့ရဲ့ တံတားကို အပ်မယ်ဆိုတာ သိရတဲ့အတွက် ဒီဆောက်လုပ်ရေးဝန်ကြီးဌာနက ဒီတံတားအတွက်

ဘယ်အချိန်အခါများ ကျွန်မတို့ဒီတံတားကို ဆောက်နိုင်ဖို့ အခြေအနေကို အချိန်အတိအကျကို ကျွန်မသိလိုပါတယ်လို့ ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးနားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနရဲ့ ဘတ်ဂျက် ရန်ပုံငွေ အတွင်းကနေပြီးတော့ ကျွန်တော်တို့မဆောင်ရွက်ပေးနိုင်တဲ့ ဘတ်ဂျက်အင်အားပမာဏရှိတဲ့ ဒီသံကူကွန်ကရစ်တံတားအတွက်ကို အစည်းအဝေးပြီးပြီးချင်းမှာ ဆိုင်ရာကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနကနေပြီးတော့မှ လမ်းတံတားဖွံ့ဖြိုးရေးကော်မတီနဲ့ ဆောက်လုပ်ရေးကော်မတီကို ဆက်ပြီး တင်ပြပေးပြီးတော့မှ ဘယ်နေ့ဆောက်မယ်ဆိုတာ၊ ဘယ်နှစ်မှာဆက်ပြီးတော့ ဆောင်ရွက်ပေးသွားမယ် ဆိုတာ ဆက်လက်ပြီးတော့ အကြောင်းကြားပေးသွားမယ်ဖြစ်ပါကြောင်း ကျွန်တော်ပြောကြားလိုပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်-အုန်းတပင်-မရကန်-ညောင်လှ-ရေဦး ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာခင်းပြီးလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် စီမံကိန်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ဒီပဲယင်း မြို့နယ်ရှိတဲ့ စိုင်ပြင်-ရေဦး- ဒိစတြိတ်ကောင်စီလမ်းနှင့်ပတ်သက်ပြီး မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ ညောင်လှဈေး၊ ရေဦးဈေးနှင့် စိုင်ပြင်ဈေးတို့ကို ဆက်သွယ်ထားတဲ့လမ်း ဖြစ်ပါတယ်။ ၁၆ မိုင်ရှည်ပါတယ်။ ကျေးရွာပေါင်း ၂၀ ရွာ သွားလာလှုပ်ရှားနေကြပါတယ်။ နောက် လမ်းဌာနမှာတော့ ဖော်ပြထားတာက ဒီလမ်းဟာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်တယ်လို့ ဖော်ပြ ထားခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်းပဲ ဒီလမ်းဟာ ရာသီမရွေးသွားလို့မရတဲ့လမ်းဖြစ်တဲ့ အတွက် မေးရခြင်းဖြစ်ပါ တယ်ခင်ဗျား။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ဒါဟာ ဒီလမ်းရဲ့ ဒီပဲယင်းမြို့နယ်မှာရှိပါတယ်။ အလယ်ကောင်မှာရှိပါတယ်။ စိုင်ပြင်-မင်းဆွေနှစ်နှင့် ဒါ ပထမ လမ်းပိုင်းဖြစ်ပါတယ်။ ဒီလမ်းဟာ မြေသားလမ်းပိုင်းသက်သက်ဖြစ်ပါတယ်။ ဒါကတော့ မင်းဆွေနှစ်နှင့် အုန်းတပင်မြေသားလမ်းပိုင်းဖြစ်စပါတယ်။ မြေသားလမ်းဖြစ်တဲ့အတွက် မိုးရွာလို့ရှိရင် ဒီလိုပဲ ကျင်းတွေ၊ ချိုင့်တွေနဲ့ လမ်းဟာပြန်ပြန်ပြီးပျက်သွားပါတယ်။ ဒါက အုန်းတပင်မြေသားလမ်းပိုင်းဖြစ်ပါ တယ်။ ဒီလိုပျက်တာတွေဟာ နေရာအနှံ့အပြားမှာဖြစ်နေတယ်လို့ ပြောချင်တာပါ။ ဒါဟာ ဒီလမ်းရဲ့ အုန်းတပင်ရောက်လို့ရှိရင် ပြန်မခချောင်းဆိုတာရှိပါတယ်။ ဒီချောင်းက ကူးတဲ့တံတားက လွန်ခဲ့တဲ့ လေး၊ ငါးနှစ်ကလည်း တံတားတစ်စင်းရဖူးပါတယ်။ အဲဒီတံတားလည်း မကောင်းလို့မို့လို့ ပြုပြင်လိုက် ရပါတယ်။ ဖျက်ပြီးတော့ ပြန်ရောင်းပစ်ရပါတယ်။ နောက် အခု ဒီလမ်းမှာရှိတဲ့ဒီတံတားကို နေရာ ပြောင်းပြီးတော့ တံတားဆောက်ထားပါတယ်။ သို့သော်လည်းပဲ ဒီတံတားဟာ ၁၂၉ ပေဆောက်တယ် လို့ပြောတယ်။ ဒါပေမဲ့ ကျွန်တော် တိုင်းကြည့်တော့ ပေ ၁၂၀ ပဲရှိပါတယ်။ ပေ ၁၂၀ ပဲရှိတဲ့အတွက် ဒီက မြေသားဟာ ချောင်းထဲကို စူးဝင်နေပါတယ်။ မိုးရွာလို့ရှိရင်ပျက်ပြီးတော့ တံတားကျိုးသွားလို့ရပါတယ်။ နောက် ဒါဟာ ဒီတံတားရဲ့ဘဲတောင်ပါ။ ဒီတံတားရဲ့ဘဲတောင်ဟာ အင်မတန်တိုတဲ့အတွက်၊ မြေသားပဲ ရှိတဲ့အတွက် ဒီတံတားဟာ အရင်ကလည်း ပျက်စီးဖူးပါတယ်။ အခုလည်း ပျက်နိုင်တယ်လို့ ကျေးရွာ ပြည်သူလူထုကတင်ပြလို့ ကျွန်တော်သွားပြီးတော့ လေ့လာထားတာဖြစ်ပါတယ်။ ဒီ ၁၆ မိုင်ရှည်တဲ့ လမ်းရဲ့ ဒါဟာ အလယ်ပိုင်းလမ်းပါ။ ဒီနေရာဟာ ဒနယ်ချောင်းဘေးမှာပဲ လမ်းဧရိယာလည်း မပြည့်တော့ပါဘူး။ ချောင်းကမ်းပါးမှာ ဆိုင်ကယ်လောက်ပဲ သွားလို့ရပါတယ်။ ဆိုင်ကယ်လောက် သွားလို့ရတာကလည်း နွေရာသီမှသာ ရနိုင်ပါတယ်။ မိုးတွင်းဆိုလို့ရှိရင် ကျွန်တော်တို့မြို့နယ်ဟာ တနယ်မြေစေးတွေဖြစ်တဲ့အတွက် ဘယ်ကိုမှ ထွက်လို့မရတော့ပါဘူး။ ဒီဟာတွေက အကုန်လုံး ရွှံ့စေးကပ်ပြီးတော့ ဆိုင်ကယ်လည်း စီးလို့မရပါဘူး။ စက်ဘီးလည်းစီးလို့မရပါဘူး။ လူခြေကျင်ပင် လျှင် တော်တော်ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲရုန်းကန်ပြီးသွားရတာပါ။

ဒါကလည်း အင်မတန်မှ ကျဉ်းမြောင်းတဲ့နေရာတွေဖြစ်ပါတယ်။ လှည်းတွေ၊ ကားတွေ၊ ထော်လာဂျီတွေ သွားလို့မရပါဘူး။ ဒီဟာကတော့ မြေပြန့်လမ်းဖြစ်ပါတယ်။ ဒါဟာ မြေသားသက်သက် တွေဖြစ်တဲ့အတွက်၊ တနယ်မြေစေးတွေဖြစ်တဲ့အတွက် ရွှံ့အလိမ်းလိမ်းနဲ့ မိုးတွင်းဆိုရင် ရွှံ့အလူးလူးနဲ့ ဖြစ်ပါတယ်။ ဒီတိုင်းမျက်မြင်ကတော့ ကောင်းပါတယ်။ နောက်ပြီးတော့ ဒါက နွေရာသီပဲ ဖြစ်ပါတယ်။ ဒီလမ်းကတော့ ကျွန်တော်တို့ ကိုယ်ထူကိုယ်ထလမ်းပါ။ ဒီဟာက အုန်းတပင်နဲ့ မင်းဆွေနှစ်တုန်း

ကလည်း ပြည်သူလူထုက ထည့်ဝင်တဲ့ငွေနဲ့ပဲ ဒီလမ်းကို ပြုပြင်ခဲ့ရတာပါ။ ဒီလမ်းဟာ အင်္ဂလိပ်ခေတ်ကတည်းက ရှိခဲ့တဲ့လမ်းပါ။ အခု မရကန်-ညောင်လှလမ်းပိုင်းဟာ ကျောက်ချောလမ်းခင်းထားတာပါ။ အင်မတန်ကောင်းပါတယ်။ သို့သော်လည်းပဲ ဒီလမ်းကောင်းရခြင်းဟာ နိုင်ငံတော်ရဲ့ ထောက်ပံ့ငွေက မပါပါဘူး။ ကျွန်တော်တို့ သိထားတာက လွန်ခဲ့တဲ့နှစ်ပေါင်းမြောက်မြားစွာကတည်းက ဒီလမ်းဟာ လမ်းပြုပြင်စရိတ်တွေ အမြောက်အမြားရခဲ့တယ်လို့ ကျွန်တော်တို့ သိထားပါတယ်။ သို့သော်လည်းပဲ အခုတော့ ပြည်သူလူထုရဲ့ဝင်ငွေနဲ့ပဲ ကျွန်တော်တို့ မနည်းကြိုးစားပြီး လုပ်ရပါတယ်။ နောက်တစ်လမ်းကတော့ ရေဦးနဲ့ ညောင်လှအပိုင်းပဲ ဖြစ်ပါတယ်။ ဒီခြောက်မိုင်ကတော့ ကတ္တရာခင်းပြီးပါပြီ။ ကျွန်တော်မေးလိုတာကတော့ ကျန်တဲ့ ၁၀ မိုင်လမ်းဟာ ရွှံ့စေးတွေချည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ကို ဒီလမ်းဟာ မိုးတွင်းမှာ သုံးလို့မရနိုင်ပါ။ နောက်တစ်ခုက ကျွန်တော်တို့က ဆည်မြောင်းဧရိယာထဲမှာရှိတဲ့အခါကျတော့ ဆည်မြောင်းမူးပေါင်ကို အားကိုးပြီးတော့ တချို့ရွာတွေက ဒီလမ်းကို မသုံးသင့်ဘဲနဲ့ သုံးတယ်။ သို့သော်လည်းပဲ မိုးတွင်းကျတော့ ဆည်မြောင်းလမ်းတွေက ပိတ်ပါတယ်။ မိုးရွာတာနှင့်တစ်ပြိုင်တည်း ပိတ်လိုက်တဲ့အခါကျတော့ ပြည်သူလူထုက သွားရလာရတာ ခက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်-အုန်းတပင်-မရကန်-ညောင်လှ-ရေဦး ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် စီမံကိန်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြား ရမယ်ဆိုလို့ရှိရင် လူကြီးမင်းတင်ပြတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်-အုန်းတပင်-မရကန်-ညောင်လှ-ရေဦးကျေးရွာချင်းဆက်လမ်း အရှည် ၁၆ မိုင် ၆ ဖာလုံအနက် ၂၀၁၂-၂၀၁၃ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅

ခုနှစ်တို့တွင် ပြည်သူထည့်ဝင်ငွေဖြင့် ကျောက်ချောလမ်း ၅ မိုင် ၃.၅၂ ဖာလုံ၊ လွှတ်တော်ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၂.၈၈ ဖာလုံ၊ မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေဖြင့် ၂.၆ ဖာလုံ၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဦးစီးဌာနရန်ပုံငွေဖြင့် ကတ္တရာလမ်း ၆ မိုင် ဆောင်ရွက်ခဲ့ပါတယ်။ မရကန်နှင့် အုန်းတပင်ကြား မြေသားလမ်း ၂ မိုင် ၄ ဖာလုံတွင် ၁ မိုင် ၄ ဖာလုံမှာ တောင်သူများမှ လယ်မြေများ တိုးချဲ့လုပ်ကိုင် လျက်ရှိပါသဖြင့် မူလလမ်းကြောင်းပြန်လည်ဖော်ထုတ်ရန် လိုအပ်ပါတယ်။ အဆိုပါလမ်းအား ဆောင်ရွက်မည်ဆိုပါက ၁ မိုင် ၄ ဖာလုံ မြေသားတာပေါင်တင်ခြင်းအတွက် ငွေကျပ် ၂၄.၁၆ သန်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ မိုင် ၁ ဖာလုံအတွက် ငွေကျပ် ၄၂၆.၁၂ သန်း၊ လက်ရှိမှာ မရကန်နှင့် အုန်းတပင်ကြား မြေသားလမ်း ၂ မိုင် ၄ ဖာလုံ၊ သရက်ကောင်း-စိုင်ပြင်ကြား မြေသားလမ်း ၂ မိုင် ၁ ဖာလုံ စုစုပေါင်း ၄ မိုင် ၅ ဖာလုံရှိပြီးတော့ မြေသားလမ်းမှ ကတ္တရာလမ်းခင်းခြင်း ၄ မိုင် ၅ ဖာလုံ အတွက်က ငွေကျပ် ၄၅၁.၆၈ သန်း၊ သရက်ကောင်းနှင့် စိုင်ပြင်ကြားနေရာမှာ (၁၀ ပေ x ၁၄ ပေ) ကွန်ကရစ်တံတားသုံးစင်းအတွက် ငွေကျပ် ၂၄ သန်း စုစုပေါင်းငွေကျပ် ၉၂၅.၉၆ သန်းခန့် ကုန်ကျမည် ဖြစ်ပြီး ကျေးရွာ ၂၆ ရွာ၊ အိမ်ခြေ ၄၀၃၆၊ လူဦးရေ ၁၈၂၀၃ ဦးတို့အား အကျိုးပြုမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဌာနရဲ့မူအတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ဘတ်ဂျက် လျာထားဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ လူဦးရေအချိုးအစားအရ လျာထားသည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်အားလုံးကိုလည်း ပါဝင်လျာထား ပါတယ်။ ထို့အပြင် ကျေးရွာများရဲ့လိုအပ်ချက်ကိုလည်း မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီး မှတစ်ဆင့် ထောက်ခံတင်ပြလာမှုတွေအပေါ်မှာ ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေး လျက်ရှိပါတယ်။

စစ်ကိုင်းဒေသကြီးတစ်ခုလုံးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅၂၀.၇၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီပဲယင်းမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃၇၆.၁၁ သန်းဖြင့် လမ်းတံတားများကို ဆောင်ရွက် လျက်ရှိပါတယ်။ အခု လူကြီးမင်းတင်ပြတဲ့လမ်းအတွက်က ကျွန်တော်တို့က ၉၂၅.၉၆ သန်းခန့် ကုန်ကျမှာဖြစ်တဲ့အတွက် မြို့နယ်တစ်ခုလုံးအတွက် လျာထားချက်ထက် သုံးဆလောက်မှာရှိနေပါတယ်။ ဒီတော့ လူကြီးမင်း၏မေးခွန်းကို ကျွန်တော်တို့ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်မှ မေးမြန်းလာတဲ့ စိုင်ပြင်-အုန်းတပင်-မရကန်-ညောင်လှ-ရေဦး ကျေးရွာချင်းဆက်လမ်းအား

မြေသား တာပေါင်တင်ခြင်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ မိုင် ၁ ဖာလုံနှင့် ကတ္တရာ လမ်းခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ (၁၀ ပေ x ၁၄ ပေ) ကွန်ကရစ်တံတားသုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးအတိုင်း တင်ပြပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သန်လျင်မြို့နယ်အတွင်း လဟာယတ်ကမ်းပတ်တာ၊ ရွှေလှေ-ဖားကူးကမ်းပတ်တာ၊ သာယာကုန်း-ဒေဇာတ်ကမ်းပတ်တာ စီမံကိန်း များတည်ဆောက်ရာတွင် နိုင်ငံတော်က အသုံးပြုခဲ့သော လယ်ယာမြေများအတွက် နစ်နာသူ တောင်သူ လယ်သမားများကို လယ်ယာမြေနည်းဥပဒေအရ မြေ၊ သီးနှံနှင့် အဆောက်အအုံနစ်နာကြေးများ ပေးဆောင်ရန်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ကျွန်တော် သန်လျင်မြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာပေါင်း ၄၈ ခုနှင့်ဖွဲ့စည်းထားတဲ့မြို့နယ် ဖြစ်ပါတယ်။ ဒီထဲမှာမှ ဒီ ၂၈ ခုသော ရပ်/ကျေးတွေ အားလုံးဟာ တောင်သူတွေဖြစ်ပြီးတော့ လယ်ယာစိုက်ပျိုးရေးကရတဲ့ဝင်ငွေအပေါ်မှာ မှီခိုပြီးနေကြရ ပါတယ်။ ပြီးတော့ ဒီထဲကမှ အခု ဒီကိစ္စဖြစ်ခဲ့တဲ့ကျေးရွာတွေအားလုံးဟာ ပဲခူးမြစ်ကမ်းဘေးမှာ တည်ရှိ ခဲ့တဲ့ ရွာတွေဖြစ်ပါတယ်။ ပဲခူးမြစ်ရေကြီးတဲ့အခါကျရင် ကျေးရွာတွေရော၊ လယ်ဧကရာပေါင်း များစွာဟာ နှစ်စဉ်မြစ်ရေကြီးတဲ့ဒဏ်ကို ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဒီမြစ်ရေကြီးတဲ့ဒဏ်ကို ကာကွယ်ဖို့အတွက်ဆိုပြီးတော့ ယခင်အစိုးရလက်ထက်က မြစ်ရေကိုထိန်းမယ့်ကမ်းပတ်တာ တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းဆောင်ရွက်တဲ့အခါမှာ တောင်သူ လယ်သမားတွေနဲ့ညှိနှိုင်းဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ လယ်သမားတွေကလည်း ဒေသ အတွက် တကယ်အကျိုးရှိတဲ့ စီမံကိန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းဆောင်ရွက်မယ့်ကိစ္စကို သဘောတူခဲ့ကြပါတယ်။ ထို့အတူပဲ တောင်သူလယ်သမားတွေက ဒီစီမံကိန်းတွေဆောင်ရွက်တဲ့အခါမှာ

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရပဲ ပြည်သူအတွက်အကျိုးရှိတဲ့စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါမှာ တောင်သူလယ်သမားတွေနဲ့ လယ်ယာမြေနဲ့ နစ်နာကြေးတွေရရှိလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ တကယ်လက်တွေ့ဆောင်ရွက်ကြတဲ့အခါမှာတော့ ညှိနှိုင်းပြီး လျော်ကြေးပေးတာတွေမရှိဘဲနဲ့ ဘက်ဟိုးတွေရောက်လာပြီးတော့ တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေကို ထွန်ယက်ပြီးတော့ စိုက်ပျိုးခဲ့တဲ့အခြေအနေဖြစ်ခဲ့ပါတယ်။ နောက်ပြီးတော့ ဒီစီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးသိရှိအောင် တင်ပြရမယ့်ကိစ္စတချို့ရှိပါတယ်။ ဒီစီမံကိန်းလုပ်တဲ့အခါမှာတာကို ဘယ်ညာကနေပြီးတော့ စပြီးတော့ဖို့လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီတာနှစ်ခုဟာ အလယ်မှာမဆက်ခင် ပေ ၉၀၀၀ လောက်အလိုမှာရပ်သွားခဲ့ပါတယ်။ ဘာကြောင့်ရပ်သွားလဲဆိုလို့ရှိရင် ဘတ်ဂျက်မလောက်တော့လို့မို့လို့ တာကိုရပ်ထားတယ်လို့ပြောပါတယ်။ ဒါဟာ အန္တရာယ်ကို ဖိတ်ခေါ်တာနဲ့အတူတူပါပဲ။ ဘာကြောင့်လဲဆိုလို့ရှိရင် အရင်တုန်းက ခုနစ်မိုင်လောက်ရှိတဲ့ အပြန့်လောက်တိုးလာတဲ့ရေတွေဟာ ဒီတာမဆက်တဲ့ပေ ၉၀၀၀ ကနေ ရေစူးထိုးတော့မှာဖြစ်ပါတယ်။ အဲဒီလို ရေစူးထိုးခံရတဲ့ရွာတွေအားလုံးက ယခင်နှစ်ကထက်စာရင် ပိုပြီးတော့ သုံးလေးဆလောက် ဒီမြစ်ရေကြီးတဲ့ဒဏ်ကိုခံကြရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်းဒေသကြီးအစိုးရဝန်ကြီး ဦးဟန်ထွန်းတို့ ကွင်းဆင်းဆောင်ရွက်ပြီးတော့ ဒီပေ ၉၀၀၀ ကို ဆက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအထူးစီမံကိန်းရန်ပုံငွေထဲကနေပြီးတော့ အမြန်ဆောင်ရွက်ပေးခဲ့လို့ ထိုက်သင့်သလောက်တော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ဖားကူး၊ ဒေဇာတ်ကျေးရွာကတော့ တိုက်နယ်ဆေးရုံနဲ့ အဲဒီကျေးရွာတစ်ခုလုံးဟာ တာရဲ့အပြင်မှာကျန်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ နောက်ပြီးတော့ ဒီကျေးရွာပြည်သူလူထုတွေကလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ရုံးကို အမြဲတမ်းလာခဲ့တဲ့ကိစ္စတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီလယ်ယာမြေတွေနှင့်ပတ်သက်ပြီးတော့ နစ်နာကြေးလျော်ကြေးမရတဲ့ကိစ္စကို ဆောင်ရွက်ပေးဖို့ အကြိမ်ကြိမ်လာနေတာတွေ့ပါတယ်။ ကျွန်တော်တို့ လက်ရှိအစိုးရကလည်းပဲ ဒီခက်ခဲရှုပ်ထွေးတဲ့ လယ်ယာမြေပြဿနာတွေကို သိမ်မွေ့စွာဖြေရှင်းနေတဲ့အချိန်ဆိုတာလည်း ကျွန်တော်တို့နားလည်ပါတယ်။ သို့သော်လည်းပဲ ဒီတာစီမံကိန်းဟာ ၂၀၁၅-၂၀၁၆ မှာ လုပ်တဲ့စီမံကိန်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပေါ်ပေါက်ပြီးနောက်ပိုင်းမှာ လုပ်တဲ့စီမံကိန်းဖြစ်တာရယ်၊ ဒီမဲဆန္ဒရှင်ပြည်သူတွေက အကြိမ်ကြိမ်တောင်းဆိုပြီးတော့ ဒီကိစ္စကိုဆောင်ရွက်ပေးဖို့ ပြောတဲ့အတွက်ကြောင့်မို့လို့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ ၂၀၁၅-၂၀၁၆

ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သန်လျင်မြို့နယ်အတွင်း လဟာယတ်ကမ်းပတ်တာ၊ ရွှေလှေ-ဖားကူးကမ်းပတ်တာ၊ သာယာကုန်း-ဒေဇာတ်ကမ်းပတ်တာ စီမံကိန်းများတည်ဆောက်ရာတွင် နိုင်ငံတော်က အသုံးပြုခဲ့တဲ့ လယ်ယာမြေများအတွက် နစ်နာသူတောင်သူလယ်သမားများကို လယ်ယာမြေနည်းဥပဒေအရ မြေ၊ သီးနှံနှင့် အဆောက်အအုံများ နစ်နာကြေးပေးရန်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် တော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် သန်လျင်မြို့နယ်အတွင်းမှာရှိတဲ့ လဟာယတ်ကမ်းပတ်တာ၊ ရွှေလှေ-ဖားကူးကမ်းပတ်တာ၊ သာယာ ကုန်း-ဒေဇာတ်ကမ်းပတ်တာ စီမံကိန်းများတည်ဆောက်ရာမှာ နိုင်ငံတော်ကအသုံးပြုခဲ့တဲ့ လယ်ယာမြေများအတွက် နစ်နာသူတောင်သူများကို လယ်ယာမြေနည်းဥပဒေ အခန်း(၈) ပုဒ်မ ၆၄၊ ၆၆၊ ၆၇ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၇ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)များအရ မြေ၊ သီးနှံနှင့် အဆောက်အအုံ နစ်နာကြေးများပေးဆောင်ရန်ရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့် မပေးဆောင်နိုင်ခြင်းနှင့် နစ်နာကြေးပေးဆောင်ရန်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်သို့မည်ပုံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်းမှာရှိတဲ့ ပဲခူးမြစ်ဘေးရေကာကွယ်ရေးတာများဖြစ်တဲ့ တာသုံးတာများကိုပြုပြင်ပေးရန် ဒေသခံပြည်သူများမှ တင်ပြခဲ့မှုအပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ဆက်လက်တင်ပြခဲ့သောကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါရေဘေးကာကွယ်ရေးတာများ ပြုပြင်ပေးခြင်းဖြင့် ကျေးရွာခြောက်ရွာမှ လယ်ယာမြေဧရိယာ ၇၀၀၀ ဧကခန့်အား ပဲခူးမြစ်ရေဝင်ပြီးတော့ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်

ဖြစ်သည့်အတွက် ဒေသနေပြည်သူများ၏ လိုအပ်ချက်နှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီးတော့ ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဤတာများကို ပြန်ပြီးတော့တာဖို့တဲ့အတွက် မြေယာများအသုံးပြုခြင်းကို လယ်သမားများ နစ်နာကြေးတောင်းခံခြင်းနဲ့ပတ်သက်တဲ့၊ လူကြီးမင်းရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ဒီရေဘေးကာကွယ်ရေးတာသုံးခု ပြုပြင်ခြင်းလုပ်ငန်း မဆောင်ရွက်မီမှာ ဒေသတွင်းသို့ ကြိုတင်ကွင်းဆင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ရာမှာ သက်ဆိုင်ရာ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသနေတောင်သူလယ်သမားများအနေဖြင့် တာပြုပြင်ရာမှာ လိုအပ်တဲ့ဖို့မြေရယူရန်အတွက် မြေယာများကိုအသုံးပြုရန် သဘောတူညီခဲ့ခြင်း၊ မြေယာများအတွက် နစ်နာကြေးများကို တင်ပြတောင်းခံခဲ့မှုမရှိခြင်း စသည်တို့ကြောင့် အဆိုပါမြေယာနစ်နာကြေးများ အတွက် ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံခြင်းမပြုခဲ့ပါသဖြင့် လက်ရှိအခြေအနေမှာ နစ်နာကြေးပေး ချေရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သို့သော် ကျွန်တော့်ရဲ့ ဖြည့်စွက်ရှင်းလင်းဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ဒီမြေယာနစ်နာကြေး များသည် ကျွန်တော်တို့ရဲ့မြေယာဥပဒေအရ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ဒီလိုမျိုးနစ်နာကြေးများရှိခဲ့လို့ ရှိရင် ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ ဖြေရှင်းဆောင်ရွက်ရမယ်ဆိုတဲ့ ဥပဒေရှိထားတဲ့အတွက် တကယ် လို့ ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့အတူ ရန်ကုန်တိုင်းဒေသကြီးရဲ့အစိုးရရန်ပုံငွေ မှာ အဆိုပါနစ်နာကြေးများကို ထည့်သွင်းစဉ်းစားပြီးတော့ တွက်ချက်ပြီးတော့ နောက်နှစ်များမှာ စဉ်းစားဆောင်ရွက်ပေးသွားဖို့ ကျွန်တော်တို့အနေနဲ့ ကူညီပြီးတော့ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မား လာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝ ရှေ့ထား၍ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ကျေးလက်တောရွာမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေကြတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်လူနေမှုအဆင့်အတန်းမြင့်မားရေး အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးတော့ တစ်ဧကထွက်နှုန်းများ မြင့်မားလာစေဖို့အတွက် စိုက်ပျိုးရေးနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေရန် အစီအစဉ် များကို ဦးစားပေးအဖြစ် သတ်မှတ်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းတဲ့အဆိုပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံပြီးတော့ လယ်ယာလုပ်ငန်းမှ ထွက်ရှိတဲ့ ဆန်၊ စပါးနဲ့ ပဲမျိုးစုံကို ပြည်ပပို့ကုန်အဖြစ် အဓိက ထားပြီး နိုင်ငံတော်ဝင်ငွေကို ရှာနေရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ သီးနှံစိုက်ပျိုးတဲ့ဧရိယာဧကဟာ ၁၂ သန်းကျော်ရှိပြီးတော့ အဓိကစိုက်ပျိုးတဲ့ သီးနှံများကတော့ စပါးပဲ ဖြစ်ပါတယ်။ ဒီစပါးကို လုပ်ကိုင်နေကြတဲ့ ပြည်သူဟာ ၃၂ သန်းခန့်ရှိပြီးတော့ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့နိုင်ငံများထဲမှာ အဆင်းရဲဆုံးဖြစ်တဲ့ နိုင်ငံများစာရင်းဝင်ပါတယ်။ နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများထဲမှာ လည်းပဲ အဆင်းရဲဆုံးနှင့် လူနေမှုအဆင့်အတန်းအများဆုံးဟာ လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်

နေကြတဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ကျေးလက်နေပြည်သူများပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ စီးပွားရေးဘဝကို မြှင့်တင်နိုင်ရင် ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးမြင့်တက်လာမည် ဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ပြည်သူများ ဆင်းရဲတွင်းနက်နေတာဟာ ဒီကနေ့မှ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာကတည်းက ဖြစ်ပါတယ်။ သူတို့လုပ်ကိုင်တဲ့ ဆန်၊ စပါး အပါအဝင် သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွေဟာ ခေတ်မမီတော့ဘဲ မိရိုးဖလာစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြတဲ့အတွက် တစ်ဧကအထွက်နှုန်းများ ကျဆင်းပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်တဲ့ လယ်ယာလုပ်သားများ အခြားလယ်သမားများအားလုံးဟာ လယ်ယာကိုစွန့်ခွာပြီးတော့ အခြားဝင်ငွေကောင်းတဲ့ ပြည်ပနိုင်ငံများကို ပြောင်းရွှေ့လုပ်ကိုင်လာကြတဲ့အတွက် ဒါဟာ အချိန်နှင့်အမျှ ရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းပဲ တစ်နေ့ထက်တစ်နေ့ လယ်ယာတွေဟာ တန်ဖိုးသင့်မြေများ ဖြစ်လာတာကို ကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။ ဒီလို ဖြစ်လာရတဲ့အကြောင်းအရင်းများကို ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် (၁) အချက်အနေနဲ့ ခေတ်မီစိုက်ပျိုးရေးနည်းပညာများဖြစ်တဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာကို အနီးကပ်ကြီးကြပ်ပြီးတော့ ပညာပေးနိုင်တဲ့ ကျွမ်းကျင်သူပညာရှင်များ ရှားပါးနေတာမရှိတာ။ (၂) အချက်အနေနဲ့ အစိုးရမှာလည်းပဲ အထွက်ကောင်းဈေးကွက်ဝင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်တဲ့ စိုက်ကွင်းစိုက်ကွက်များ လုံလောက်မှုမရှိတဲ့အတွက် တောင်သူများကို ဖြန့်ဝေပေးနိုင်မှု မရှိသလောက်နည်းပါးတဲ့အတွက် တောင်သူတွေဟာ စိုက်ပျိုးချိန်မှာ ရရာမျိုးနဲ့ စိုက်တဲ့အတွက် အထွက်တွေတာအားကျနေတာကိုလည်း တွေ့ရပါတယ်။ (၃)အချက်အနေနဲ့ ရာသီဥတုဖောက်ပြန်မှု ခံနိုင်ရည်ရှိတဲ့ မျိုးစပါးများကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုမရှိသလောက် နည်းပါးနေတာကိုလည်း တွေ့ရပါတယ်။ (၄)အချက်အနေနဲ့ စိုက်ပျိုးသီးနှံများ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုရှိလာတဲ့အခါမှာ သီးနှံအာမခံဥပဒေပြဋ္ဌာန်းထားမှုမရှိတဲ့အတွက် ပေးလျော်မှုမရှိနိုင်သော လယ်သမားများဟာ နစ်နာဆုံးရှုံးမှုမြောက်မြားစွာနဲ့ တွေ့နေရတာကိုလည်း ဖြစ်ပါတယ်။ (၅)အချက်အနေနဲ့ ဒီကနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ခေတ်မီအော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထုတ်လုပ်တဲ့အတွက် များစွာထိရောက်မှုရှိပါတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားများကို အဲဒီခေတ်မီတဲ့နည်းတွေကို ပညာပေးမှုအားနည်းတဲ့အတွက် ကျွန်တော်တို့လယ်သမားတွေဟာ မြေဩဇာကိုရရာသုံးပြီးတော့ ထွန်ယက်စိုက်ပျိုးနေတဲ့အတွက် လယ်မြေတွေဟာ တဖြည်းဖြည်းအထွက်နှုန်းတွေကျဆင်းလာတာကို တွေ့ရပါတယ်။ (၆)အချက်အနေနဲ့ လယ်ယာလုပ်ငန်းကို အဓိကအထောက်အကူပြုတဲ့ ရေသွင်းရေထုတ်ကောင်း

တဲ့ ချောင်းမြောင်းများ တူးဖော်တဲ့အခါမှာ ကြီးကြပ်မှုအားနည်းတဲ့အတွက် လိုအပ်တဲ့ထိရောက်မှုတွေလည်း မရလာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ (၇)အချက်အနေနဲ့ အထွက်နှုန်းကျဆင်းမှုကြောင့် လယ်သမားများဟာ နှစ်ရှည်လများ အကြွေးတင်လာတဲ့အတွက် ဒီအကြွေးတွေကို စိုက်ဆပ်ဖို့ရှိလာတဲ့အခါမှာ နိုင်ငံတော်ကနေပြီးတော့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးသော်လည်းပဲ လယ်ယာလုပ်ငန်းမှာ သွင်းအားစုအဖြစ် မသုံးနိုင်ဘဲနဲ့ အကြွေးတွေဆပ်နေရတဲ့အတွက် လယ်ယာလုပ်ငန်းအတွက် ဘာမှအထောက်အကူမပြုနိုင်တာကိုလည်း တွေ့ရပါတယ်။ နောက်ဆုံး(၈)အချက်အနေနဲ့ လယ်ယာလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းအတွက် လယ်သမားများတစ်ဦးချင်း ဝင်ငွေရနိုင်အောင် ဒီလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ရန် အစီအမံပညာပေးမှုများဟာလည်း အားနည်းနေတာကို တွေ့ရပါတယ်။ ဒီကနေ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ မြစိမ်းရောင်စီမံကိန်း၊ တိရစ္ဆာန်ဆေးကုဦးစီးဌာနကနေပြီးတော့ အသားတိုးကိစ္စတွေကလည်း တကယ်တမ်းလက်တွေ့မှာ ကျွန်တော်တို့တွေ့ရသလောက်ကတော့ ထိရောက်အောင်မြင်မှုမရှိတာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ကျွန်တော်တင်ပြခဲ့တဲ့အချက်များကို ဖြည့်ဆည်းပြီးတော့ စိုက်ပျိုးရေးနဲ့တွဲဖက်တဲ့ တောင်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဦးစားပေးအစီအမံများပြုလုပ်ပြီး ဖော်ဆောင်လုပ်ကိုင်မယ်ဆိုလို့ရှိရင် ကျေးလက်ဒေသမှာနေကြတဲ့ ဆင်းရဲနွမ်းပါးမှုဟာ တိတိကျကျ လျော့နည်းလာနိုင်မှာဖြစ်ပါတယ်။ အဲဒီလို လျော့နည်းလာနိုင်တဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေး ရိက္ခာကိုလည်း ကျွန်တော်တို့ပြည့်ဝစွာရတဲ့အပြင် နိုင်ငံတကာအတွက်လည်း ကမ္ဘာ့စားနပ်ရိက္ခာကို ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အတွက် ဝင်ငွေမြောက်မြားစွာရပါတယ်။ ဒါ့အပြင် လူအများစုဖြစ်တဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများရဲ့ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ဖို့က နိုင်ငံရေး၊ လူမှုရေး အရကြည့်မယ်ဆိုလို့ရှိရင် လျှော့ချလာနိုင်သည်နှင့်အမျှ နိုင်ငံရဲ့လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးတည်ငြိမ်မှုများကိုပါ ရရှိလာနိုင်မည်ဖြစ်ပြီးတော့ နိုင်ငံရေးတည်ငြိမ်မှုကိုပါ ရရှိလာနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီးတော့ တစ်ဧကအထွက်နှုန်းများမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့်အတူ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို လယ်သမားများတွဲဖက်လုပ်ကိုင်စေသည့်အစီအမံများ ဦးစားပေးအစီအစဉ်ချမှတ်၍

လုပ်ကိုင်ဖော်ဆောင်နိုင်ရန်နှင့် လယ်ယာကဏ္ဍစိုက်ပျိုးရေးနှင့်ပတ်သက်ပြီးတော့ ပကတိအခြေအနေကိုသိရှိစေရန် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ အတွေ့အကြုံရှိတဲ့အငြိမ်းစားဝန်ထမ်းများ ပါဝင်တဲ့ဆွေးနွေးနှီးနှောဖလှယ်ပွဲများကို ပြုလုပ်ပေးနိုင်ရေးအတွက် ဤလွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အစိုးရအား တိုက်တွန်းအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးလှသန်း(ကဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂါရဝပြုနှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်ရှိတဲ့အနက် သန်း ၃၀ ကျော်ဟာ ကျေးလက်တောရွာမှာ နေထိုင်ကြတဲ့ တောင်သူလယ်သမားများပဲ ဖြစ်ကြပါတယ်။ သူတို့ဟာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ ရာသီဥတုကောင်းမွန်ပြီး စပါးအထွက်တိုးပါမှ မိသားစုစားဝတ်နေရေး ပြေလည်ကြမှာဖြစ်ပါတယ်။ မိသားစုအတွင်းမှာ ကျောင်းသားများခြင်း၊ မကျန်းမာသူပါဝင်ခြင်းများရှိပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းနဲ့ စားဝတ်နေရေးမလုံလောက်တော့ဘဲ တစ်နိုင်မွေးမြူရခြင်း၊ အငှားလယ်ယာလုပ်သားများအဖြစ်ပါ ပူးတွဲလုပ်ကိုင်နေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ အသိဉာဏ်ဖွံ့ဖြိုးမှုအားနည်းခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် စပါးအထွက်တိုးဖို့ ဆောင်ရွက်ရတဲ့အခါမှာ ဖြစ်သင့်သလောက်ဖြစ်မလာဘဲ လုပ်အားခသာ ရရှိခဲ့ကြပါတယ်။ စိုက်ပျိုးရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများအနေနဲ့လည်း ကျေးရွာတိုင်းကို သွားရောက်ပြီးတော့ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေဖို့ မတတ်နိုင်တာကြောင့်လည်း ကျေးရွာလယ်သမားများဟာ လုပ်နိုင်သလောက်၊ လုပ်သင့်သလောက် အကျိုးမဖြစ်ထွန်းတာကို ဖြစ်နေပါတယ်။ ဒါကြောင့် ရာသီဥတုဒဏ်၊ သီးနှံဖျက်တဲ့ ပိုးတွေရဲ့ရန်ကို

ကာကွယ်ရန်လည်း ငွေကြေးကုန်ကျခံပြီး လုပ်ဆောင်ခဲ့ရပြန်ပါတယ်။ အသီးအားတိုးဆေး၊ အပင်အား တိုးဆေး၊ ပေါင်းသတ်ဆေးစတဲ့ ဆေးများကိုလည်း အများနည်းတူသုံးစွဲဖို့ ကြိုးစားခဲ့ရပြန်ပါသေးတယ်။ တစ်နှစ်သီးနှံရောင်းရ ငွေနှင့်တစ်နှစ်ကုန်ကျစရိတ်တွေဟာ မမျှမတဖြစ်ပြီးတော့ စိုက်ပျိုးရေးဘဏ်မှ ချေးငွေ၊ ပြင်ပကရှာတဲ့ ငွေတွေနဲ့အကြွေးများ လုံးလည်ချာလည်လိုက်နေကြသူများဖြစ်ပါတယ်။ မိရိုးဖလာစိုက်ပျိုးနည်းတွေနဲ့ လုပ်ကိုင်နေရတာနဲ့ အခြားအလုပ်အကိုင်ကို မလုပ်ကိုင်တတ်တာကြောင့် တစ်နှစ်ထက်တစ်နှစ် အကြွေးပတ်ချာလည် ဝိုင်းနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ တစ်နေ့ အကြွေးကျေနိုး၊ တစ်နေ့အကြွေးကျေနိုးနဲ့ ဒီလယ်ကိုပဲ ဖက်တွယ်လုပ်ကိုင်နေရတာသည် လူ့မွဲဘဝက နေပြီးတော့ ရုန်းကန်နိုင် ခြင်းမရှိကြပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ ဆင်းရဲတွင်း၊ နွံတွင်းက ထွက်နိုင်ဖို့ နိုင်ငံတော်အစိုးရကပေးတဲ့ မြစိမ်းရောင်စီမံကိန်းကို မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်စားနေကြရပါတယ်။ သို့သော်လည်းပဲ တစ်နှစ်ကို ငါးရာခန့်သာ ခွင့်ပြုခဲ့တဲ့ စီမံကိန်းကိုလည်း အားထားလို့ မရဘူးဖြစ်နေ ပြန်ပါတယ်။ ဒါကြောင့် မြစိမ်းရောင်စီမံကိန်းကို ယခုထက်ပိုပြီးတော့ ကျေးရွာတော်တော်များများကို ခွင့်ပြုပေးနိုင်မယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုကို အတော်အတန် ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါ တယ်။ ဒါ့အပြင် တခြားဒီထက်ကောင်းတဲ့ ဆင်းရဲနွမ်းပါးမှုလျော့ကျစေတဲ့ အစီအမံများ ပြုလုပ်ပေး နိုင်မယ်ဆိုရင် ပိုမိုသင့်လျော်ပါတယ်။ ဒါကြောင့် ဝေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်ပြတဲ့ ကျေးရွာနေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတိုးတက်၍ တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန်နှင့် စိုက်ပျိုးရေးနှင့်အတူ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို လယ်သမားများတွဲဖက်လုပ်ကိုင်စေ မယ့် အစီအမံများအား ဦးစားပေးအစီအစဉ်ချမှတ်၍ လုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်း

ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသော ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၂-၈-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်(တနင်္လာနေ့)

နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]